


# အတ္တပေတံဖြင့် တိုင်းတာကြသူများ

နွယ်နေခြည်ထွန်း

ပေတံကို ကျွန်မတို့အားလုံး တိုင်းတာဖို့ အတွက် သုံးကြပါတယ်။ အဲ့ဒီလို သုံးကြတဲ့ နေရာမှာ အမျိုးအစားချင်း၊ အတို အရှည်ချင်း တွေကတော့တူချင်မှတူကြမှာပါ။အဲ့ဒီလို မတူညီ ကြတဲ့ အပေါ်မှာ "ငါ့ပေတံကတော့ အရှည် မို့လို့ ပိုအသုံးဝင်တယ် ၊ နင့်ပေတံက အတိုဆိုတော့ နေရာတိုင်း သုံးလို့မရဘူး"ဆိုတဲ့ ငါစွဲအတ္တလေး တွေ ရှိလာကြပါတယ်။

ဟုတ်ကဲ့ .. ကျွန်မ ပြောချင်တာကလည်း အဲ့ဒီ ကိုယ်ပိုင် ပေတံ အကြောင်းလေးကိုပါပဲ။ ကျောင်းတက်တုန်းက သုံးရတယ် ၊ လုပ်ငန်းခွင် မှာ သုံးရတယ်ဆိုတဲ့ ပေတံတွေက ကျွန်မတို့နဲ့ အဆင်မပြေတဲ့အခါ သူများဆီက ငှားသုံးတာပဲ ဖြစ်ဖြစ်၊ အသစ်တစ်ချောင်း ထပ်ဝယ်လိုက်တာ ပဲဖြစ်ဖြစ် ဖြည့်ဆည်းပြီး အသုံးပြုလိုက်လို့ ရပါ တယ်။ ဒေါသထွက် စရာလည်းမလိုသလို ၊ သူတစ်ပါးကို ခနဲ့သဲ့သဲ့လည်း ပြောစရာမလိုပါ ဘူး။ ဒါပေမဲ့ လူ တစ်ချို့ မှာပဲရှိတတ်တဲ့ ပေတံ လေး တစ်ချောင်းက သပ်သပ် ရှိသေးတယ်။ အဲ့ဒီပေတံကို ကျွန်မက အတ္တပေတံလို့ အမည် ပေးချင်တယ်။

သူပိုင်ဆိုင်ထားတဲ့ပေတံလေး တစ်ချောင်း နဲ့ သူများကို လိုက်တိုင်း ချင်တာမျိုး ပေါ့။ လူ တိုင်းမှာတော့ ကိုယ်ပိုင် ခံစားချက်၊ ကိုယ်ပိုင် အကြိုက်၊ ကိုယ်ပိုင် ချင့်ချိန်ထားမှု၊ ကိုယ်ပိုင် ကန့်သတ် ချက်စသဖြင့် ကိုယ့်နေရာလေးနဲ့ ကိုယ် သတ်မှတ်ထားတဲ့ အတိုင်း အတာ ဆိုတာ ရှိပြီးသားပါ။ အဲ့ဒါကို ခုနက သူ့ရဲ့ အတ္တပေတံနဲ့ သွားတိုင်း တဲ့အခါ သူ့ပေတံထက် ရှည်နေတာ လည်း ရှိချင်ရှိမယ်၊ ဒါမှမဟုတ်လည်း သူ့ပေတံ လောက် ကို မရှိဘူး ဖြစ်ချင်လည်း ဖြစ်မယ်။ ဒါကို ပုတ်ခတ်ပြီး ပြောတတ်တဲ့ လူတစ်ချို့ကို ကျွန်မ တွေ့ဖူးတယ်။ ကိုယ့်ပေတံနဲ့တိုင်းလို့ မပြည့်မီ တိုင်း အဲ့ဒီလူက နိမ့်ကျသွားပြီတဲ့လား။

သူကိုင် ထားတဲ့ ပေတံဆိုတာကရော ကမ္ဘာမှာ အပြည့်မီ ဆုံးတဲ့လား။

တွေးကြည့် လိုက်ရင် မေးခွန်းတွေက အများကြီးပါ။ အဲ့ဒါနဲ့ ပတ်သက်ပြီး ပုံပြင်လေး တစ်ပုဒ် ပြောပြမယ်။ ဟိုးရှေးရှေး တုန်းကပေါ့။ မဒီဆိုတဲ့ ကောင်မလေး တစ်ယောက် ရှိသတဲ့။ အဲ့ဒီကောင်မလေးက သူများ ကြိုက်တယ်ဆို သူ မကြိုက်တော့ဘူး။ အဲ့ဒီလို သူ မကြိုက်တာ မျိုးဆိုရင် အမျိုးမျိုး အပြစ်မရှိ အပြစ်ရှာပြောပြီး ပုတ်ခတ်ပါလေရောတဲ့လေ။ အဲ့ဒီလိုမျိုးတွေ လုပ်တာများလာတော့ ပတ်ဝန်းကျင်က သူ့ကို အမြင်ကတ်ပုဒ်မနဲ့ ငြူစူလာတော့တာပေါ့။ ဒီလို နဲ့ တစ်နေ့ကျတော့ သူတို့အားလုံးရဲ့ ကျောင်း ခန်းထဲကို မဒီ့နာမည်နဲ့ ပါဆယ်ထုပ် အကြီးကြီး တစ်ထုပ် ရောက်လာတယ်တဲ့။ အဲ့ဒီအချိန်မှာ သူ မရောက်သေးဘူး။ အဲ့ဒါနဲ့ အခန်းထဲက လူတွေ အားလုံးအကြံထုတ်ကြပြီးကောင်မလေး ရောက် လာချိန်မှာ အားလုံးက မဒီ့ရဲ့သူငယ်ချင်း မိစု အတွက် ပါဆယ်ထုပ်ကြီး ရောက်နေတယ်ပေါ့ ၊ အထဲမှာ ဘာလေးလဲ မသိဘူး သိချင်လိုက် တာဆိုပြီး မဒီ အသည်းယားလာအောင် ပြောကြ တော့တယ်။သိပ်တောင်မပြောလိုက်ရပါဘူး။မဒီ က သိချင်စိတ်တွေ ပြင်းထန်လာပြီး ပါဆယ် ထုပ်ဖောက်ဖို့အတွက် မိစုကို တောင်းဆိုပါလေ ရော။ ပါဆယ်ထုပ်မှာ ရေးထားတဲ့ မဒီဆိုတဲ့ နာမည်ကိုတော့ အားလုံးက အစဖျောက်ထားကြ တာပေါ့နော်။

ဒီလိုနဲ့ မိစုလည်း သူ့ပါဆယ်ထုပ် လိုလို ဘာလိုလိုနဲ့ ဖောက်လိုက်ပါလေရော။ အထဲမှာ အရမ်းကို လှပတဲ့ ပန်းနုရောင် ဂါဝန်လေး တစ် ထည်ရယ်၊ ရွှေရောင် ဖိနပ်လေး တစ်ရံရယ်ကို အားလုံး တွေ့လိုက်ရတယ်။ လှလွန်းလို့ မိန်းက လေးတိုင်း မျက်စေ့ကျတဲ့ အဲ့ဒီဂါဝန်နဲ့ ဖိနပ်ကို မဒီကိုယ်တိုင်လည်း ကြိုက်မိတာပေါ့။ ဒါပေမဲ့ ထုံးစံအတိုင်း "ကြီးကြီး ကျယ်ကျယ်တွေ အော်ဟစ်နေကြလို့ ဘာများလဲမှတ်တယ်၊ ဘာမှ လည်း မဟုတ်ပါဘူးဟယ် ၊ ငါ့ဆီမှာဆို အဲ့လို ဂါဝန်နဲ့ဖိနပ်တွေများ ပေါလွန်းလို့ သူများကို တောင်ပေးနေရတာ"လို့ မကြိုက်တဲ့ ပုံစံနဲ့ ပြော လိုက်တယ်လေ။ အဲ့ဒီမှာ ကျော်ကျော်က အမြင် ကတ်ကတ်နဲ့ ဒီလိုလေး ထမေး လိုက်သတဲ့။ "ဒါဆို ဒီ ပါဆယ်ထုပ်က မိစုနာမည်နဲ့မဟုတ်ဘဲ နင့်နာမည်နဲ့ ရောက်လာတယ် ဆိုရင်လည်း သူများ ကိုပဲ ပေးပစ်မှာလား" ဆိုပြီးတော့ပေါ့။ "အေးပေါ့ .. ဒီက ငါ့သူငယ်ချင်း မိစုအတွက် ပေးလိုက်မှာပေါ့.." ဆိုတဲ့ မဒီ့ရဲ့စကားအဆုံးမှာ အားလုံး အော်ကြီးဟစ်ကျယ် ထရယ်ကြတော့ တာပေါ့။ သူတို့လည်း အစကတည်းက သင်ခန်း စာပေးချင်နေတာနဲ့ ၊ မဒီ့ကို ခုလို ဆုံးမလိုက်ရ တာနဲ့ကြုံတော့ ဝမ်းသာသွားကြတယ်။ အားလုံး ရဲ့ ရယ်သံတွေကြားမှာ မဒီကတော့ မျက်လုံး လေးအပြူးသားနဲ့ ကြောင်စီစီလေး ရပ်ကြည့် နေသတဲ့။

ကျော်ကျော်က ရယ်ကြောသတ်ပြီး "ဒီမှာ အဲ့ဒီပါဆယ်ထုပ်က နင့်နာမည်နဲ့ ရောက်လာတာ.. နိုင်ငံခြားက နင့်အဒေါ် ပို့လိုက်တာနေမှာ.. နင့်အဒေါ်က ငါတို့ကို ကြွားစေချင်လို့ ကျောင်းကို ပို့ပေးတယ်..တူမ လုပ်သူကတော့ မကြိုက်ဘူးတဲ့..ဟား ဟား..မိစုရေ နင်မြတ်တာ ပေါ့ဟာ.."ဆိုတဲ့ စကားလုံးတွေအောက်မှာ မဒီဟာ အရုပ်ကြိုးပြတ်ဖြစ်ခဲ့ရတော့တာပေါ့။

အရာရာကို ကန့်လန့်တိုက်ပြီး သူများ အကြိုက်ကို အမြဲရှုံ့ချတတ်သူတို့ရဲ့ ဇာတ်သိမ်းဟာ သူများတွေ အတွက် ဘာမှမဖြစ်စလောက် ဆိုပေမဲ့ သူတို့ အတွက်ကတော့ ဆုံးရှုံးမှု ပိုများတတ်ပါတယ်။ ဘာလို့လဲဆိုတော့ အစကတည်းက သူတို့ရဲ့ အတ္တကို သူတို့ကိုယ်တိုင်က နေရာ မပေးထားသင့်တဲ့နေရာမှာ ပေးထားခဲ့တာကိုး။

အဲ့ဒီညဘဉ်ဟာ တော်ရုံနဲ့ ဖျောက်ဖျက်လို့ မရတတ်ပါဘူး။ အများရှေ့မှာ မှတ်မှတ်ရရဖြစ်အောင် သူသိပ်မြတ်နိုးတဲ့ အဲ့ဒီအတ္တကတစ်ဆင့် သင်ခန်းစာ ရစေမှ စွန့်လွှတ် နိုင်ကြပါတယ်။ နောက်တစ်နည်း ကတော့ သူ သိပ်ကြိုက်နှစ်သက်လှတဲ့ အရာတွေကို သူ့ပေတံနဲ့ တိုင်းတာရင်း သူကိုယ်တိုင် ဆုံးရှုံးလိုက်ရတဲ့ အခါ ခံစားလာရတဲ့ ကိုယ်ချင်းစာတရားဆိုတာနဲ့ပါ။

လူတိုင်းဟာ ကိုယ်မှားတိုင်း လိုက် မမှားနိုင်ကြသလို ကိုယ်မှန်တယ် ဆိုတိုင်းလည်း လိုက်မှန်ချင်မှ မှန်ကြမှာပါ။ အဲ့ဒီ သဘောတရားလေးကို ခေါင်းထဲထည့်ထားရင်း အတ္တဆိုတဲ့ ပေတံကြီးကိုကျွန်မတို့လျစ်လျူရှုထားကြစို့လား ......။

နွယ်နေခြည်ထွန်း